**နိုင်ငံသားအကျဉ်းသား၊ အကျဉ်းသူ(၇၁၁၄)ဦးအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ လွတ်ငြိမ်းသက်သာခွင့်ပြုခြင်း**

နေပြည်တော်
၂၀၀၉ခုနှစ်၊ စက်တင်ဘာလ(၁၇)ရက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်ခိုင်မာမာ ချမှတ်ခဲ့ပြီးနောက် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ပြည်သူတို့နှင့်အတူ လက်တွဲညီညီဆောင်ရွက်လျက်ရှိပါသည်။

ဤသို့နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်သူများအား တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များချမှတ်ခဲ့ရသည်။ သို့ရာတွင် ပြစ်ဒဏ်ကျအကျဉ်းသားများကို အကျဉ်းကျခံစိတ်မျိုးကာလကြာရှည်စွာ မခံစားရစေရန်နှင့် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲပေးနိုင်ရန် အစီအမံများစနစ်တကျ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါတွင် စည်းကမ်းနှင့်အကျင့်စာရိတ္တကောင်းမွန်လာသော နိုင်ငံသားအကျဉ်းသား/သူများအား လူသားချင်းစာနာထောက်ထားမှုနှင့် သနားချစ်ခင်မှုတို့ကို အလေးထားသည့်အနေဖြင့်လည်းကောင်း၊ ယင်းတို့၏ မိသားစုများအား ငဲ့ညှာသောအနေဖြင့်လည်းကောင်း၊ ယင်းတို့သည် နိုင်ငံတော်၏မေတ္တာနှင့်စေတနာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးကို ထမ်းရွက်သွားနိုင်ကြစေရန်အတွက်လည်းကောင်း မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၁၄)ရက်နေ့၊ ခရစ်သက္ကရာဇ် ၂၀၀၉ခုနှစ်၊ စက်တင်ဘာလ(၁၇)ရက်နေ့တွင် နိုင်ငံသားအကျဉ်းသား/သူ(၇၁၁၄)ဦးတို့အား ယင်းတို့၏ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်အစိတ်အပိုင်းကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်